# သူမည်သူနည်း။

ယေရှုမည်သူဖြစ်သနည်း။ စစ်မှန်သောကယ်တင်ရှင်အဖြစ်သူ့ကိုသင်မယုံကြည်ပါလျှင်၊ သူသည် ဟန်ဆောင်သူ၊ ရူးသွပ်သူ၊ သူ့တပည့်တော်တို့သည်လည်း လောက၌အကြီးမားဆုံးလှည့်စားမှုကို ဖန်တီးခဲ့ကြသူများဟု သင်သတ်မှတ်မည်သာဖြစ်သည်။

## ယေရှုသည်သူ့နောက်သို့လူများလိုက်ပါလာအောင်ကြိုးပမ်းခဲ့ပါသလား။

အောင်မြင်မှုကို တန်ခိုးအာဏာ(သို့)ငွေကြေးပိုင်ဆိုင်မှုဖြင့်တိုင်းတာပါလျှင် ယေရှုသည်အောင်မြင်သူ တစ်ဦး မဟုတ်ခဲ့ပါ။ ယေရှု၏မြင့်မားလှသော စံချိန်စံညွှန်းများ၊ သူတော်ကောင်းယောင်ဆောင်ခြင်းနှင့် စိတ်လက်မပါ မသထာသောစိတ်သဘောထားကိုလျစ်လျူခြင်းတို့ကြောင့် လူအများတို့ကသူ့ထံပါးမှလှည့် ပြေးလေ၏။ လူတို့ထံမှငွေကြေးများကိုလည်း လှည့်ဖျားမရယူခဲ့ပါ။ ဤသက်သေအချက်အလက်များက ယေရှုအား ဟန်ဆောင်သူဖြစ်နိုင်ချေရှိကြောင်း အဆိုကိုပင်မထောက်ခံနိုင်ပါ။

## မိမိကိုယ်ကိုလှည့်စားလျက်ယေရှုသည် သူမည်သူဖြစ်ကြောင်း ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ဆောင်ခဲ့ပါသလား။

သူ့အပြောသူ့အမူအရာများ၌ စိတ်မငြိမ်သက်သူတစ်ဦး၏ လက္ခဏာမရှိပါ။ သူပြုသောနမိတ်လက္ခဏာ အံ့ဘွယ်ရာများ၊ ပြောင်မြောက်သောသွန်သင်ချက်များ၊ ရှင်ပြန်ထမြောက်ခြင်းအစရှိသည်တို့နှင့် ပတ်သက်၍ သူ့အားမဟုတ်တမ်းတရားစွဲချက်များကမခိုင်လုံပါ။

## တပည့်တော်တို့သည်သခင်ယေရှုအကြောင်းကိုလိုအပ်သည်ထက်ပို၍ချဲ့ကားပြောခဲ့ကြပါသလား။

တပည့်တော်တို့အနေဖြင့်သူတို့သိပြီးသား အမှန်တရားတစ်ခုကို ဆန့်ကျင်ဖက်ပြု မုသာဝါဒ ဖန်တီးရန်ကြံစည်ကြပါလျှင် အဓိပ္ပါယ်မရှိတော့ပြီ။ ဖန်တီးခဲ့ပါလျှင်လည်း မုသာဝါဒဟုသိထားသောအရာအတွက် သင်ဆိုလျှင်အသေခံပါမည်လော။ တမန်တော်တို့သည် မုသာအတွက်အသေခံခဲ့ခြင်းမဟုတ်ဘဲ မှန်ကန်ရာအတွက် မာတုရအာဇာနည်အဖြစ် သေပွဲဝင်ခဲ့ကြသည်သာဖြစ်သည်။

သမ္မာကျမ်းစာသည် သခင်ယေရှုခရစ်တော်အကြောင်း တိကျစွာသေချာစွာဖော်ပြကြောင်း လက်ခံယုံကြည်နိုင်လောက်သောအကြောင်းပြချက် ကျွန်ုပ်တို့၌ရှိပါ၏။ပရောဖက်ဟောပြောချက်များ ပြည့်စုံစေခြင်းသမိုင်းတွင် သက်ရောက်ရိုက်ခတ်မှုများရှိခဲ့ခြင်း၊ သူ့အသက်တာ၊ သူ့သွန်သင်ချက်၊ တပည့်တော်များသူ့အပေါ်တုံ့ပြန် ဆက်ဆံမှု စသည့်အချက်အလုံးစုံတို့သည် သူကြွေးကြော်ခဲ့သည့်အတိုင်း သူသည်ဘုရားသခင်၏ 'သားတော်' ဖြစ်ကြောင်း တညီတညွတ်တည်းညွှန်ပြ ထောက်ခံနေတော့သည်။

သူ့အားသင့်အတွက်အသေခံကာ အပြစ်ခွင့်လွှတ်ခြင်းကိုပေးကမ်းနေသူအဖြစ် ကိုယ်တိုင်လက်ခံယုံကြည်ပါပြီလား။ ယေရှုက ငါသည်လမ်းခရီး၊ သမ္မာတရား၊ အသက်ဖြစ်၏။ ငါ့ကိုအမှီမပြုလျှင်အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ (ယော ၁၄း၆) ဟုမိန့်ကြားထားပါသည်။

*(၁၉၉၈ ခုနှစ် စက်တင်ဘာ-အောက်တိုဘာ-နိုဝင်ဘာလထုတ် နေ့စဉ်ခွန်အားစာစောင်မှ ကောက်နုတ်တင်ပြထားပါသည်)*

